# အရှင်ဆန္န အပိုင်း (၁)

Mar.09, 2011 in ဆောင်းပါးများ



(ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူထားသော အရှင်ဆန္နအကြောင်းဝတ္ထုကို အခြေခံတင်ပြသည်။)

ဖွားဘက်တော် ဆန္နအမတ် အနတ္တသဘောမကျလို့ တရားမရခဲ့တဲ့ သာဓကလေးကို တင်ပြမယ်။ ဘုရားလောင်းတောထွက်တုန်းက သူပါတယ်။ ဘုရားဖြစ်ပြီးနောက်ပိုင်း ဘုရားထံက တရားနာရလို့ သူရဟန်းဝတ်တယ်။ ရဟန်းဝတ်ပြီး သူဟာ အနိစ္စ ဒုက္ခ အနတ္တတွေ အားထုတ်တာပါပဲ။ အားထုတ်ပေမယ့် သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ မဖြစ်ဘူး။ ဘာလို့ မဖြစ်တာလဲဆိုရင် ပဋိစ္စသမုပ္ပါဒ်နားမလည်လို့ မဖြစ်တာလို့ အဋ္ဌကထာက ဆိုတယ်။ ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးကို သူသဘောမကျတဲ့အတွက် ဘုရားရှင် ပရိနိဗ္ဗာန်စံသွားသည်ထိ သူကျွတ်တမ်းမဝင်ရာဘူး။ ပဋိစ္စသမုပ္ပါဒ်နားမလည်တော့ အတ္တဒိဋ္ဌိ သဿတဒိဋ္ဌိခံနေတယ်။ ဘုရားပရိနိဗ္ဗာန်စံပြီးနောက် သူ့ကိုသံဃာတွေက ဗြဟ္မဒဏ်ထားတဲ့အနေနဲ့ ဝိုင်းကြဉ်ထားတဲ့အခါမှ သူ့ကို သနားသောအားဖြင့် တရားဟောပေးဖို့ ရဟန်းတော်တွေကို တောင်းပန်တယ်။ ရဟန်းတွေကလဲ သူ့ကို အနိစ္စ ဒုက္ခ အနတ္တတရားတွေ ဟောကြပါတယ်။ သူဟာ အနတ္တကို အားထုတ်လာခဲ့တာ နှစ်ပေါင်း များစွာကြာခဲ့ပါပြီ၊ ခန္ဓာငါးပါး အကုန်လုံး အနတ္တချည်းပဲဆိုတာ သူသိနေပါတယ်၊ ဒါပေမယ့် သင်္ခါရချုပ်တဲ့ နိဗ္ဗာန်မရောက်ဘူး၊ ဥပမိလေးပါးဆိုတဲ့ ခန္ဓာပျောက်တဲ့ နိဗ္ဗာန်လဲ မရောက်ဘူးတဲ့။ ရဟန်းတွေက အနတ္တတရားတွေ ဟောပင်ဟောသော်လည်း အားလုံး အနိစ္စ၊ အားလုံးအနတ္တဖြစ်နေရင် ဘာကိုအားကိုးရမှာလဲဆိုတဲ့ အတွေးကပေါ်နေတယ်။ အားလုံးအနတ္တဆိုရင် အားကိုးစရာမရှိတော့ဘူးလို့ပဲ သူ့စိတ်ထဲမှာ ပြန်ပြန်ပေါ်နေတာ။ ဒါဟာ

သူ့မှာ အတ္တဒိဋ္ဌိ၊ သဿတဒိဋ္ဌိဝင်နေတာပဲ။ အနိစ္စတွေ အနတ္တတွေ အားထုတ်တယ်၊ မြင်လဲမြင်ပါတယ်တဲ့။ မြင်ပေမယ့် အားလုံးအနတ္တဆိုရင် ဘာသွားအားကိုးရတော့မှာလဲဆိုပြီး စိတ်က ပြန်လှည့်တယ်။ ဘာအားကိုးရမှာလဲဆိုတဲ့ အတ္တဒိဋ္ဌိက ပြန်ပေါ်နေတယ်။ ဒါဖြင့် အတ္တဒိဋ္ဌိ သဿတဒိဋ္ဌိ သူ့ဝမ်းထဲမှာ ခံနေပြီ။ ဒါဟာ ပဋိစ္စသမုပ္ပါဒ်နားမလည်လို့ အတ္တဒိဋ္ဌိ သဿတဒိဋ္ဌိပေါ်နေတာ။ ဒါနဲ့ အားထုတ်ပါလျက် သင်္ခါရချုပ်တဲ့ နိဗ္ဗာန်လဲ မရောက်ဘူး၊ ခန္ဓာပျောက်တဲ့နိဗ္ဗာန်လဲ သူမမြင်ဘူး။ မမြင်ခြင်းရဲ့ အကြောင်းက သဿတဒိဋ္ဌိခံနေလို့။ ခိုင်တာ မြဲတာ မရှိဘူးဆိုရင် ဘာအားကိုးရပ့ါမလဲဆိုတဲ့ စိတ်က ပြန်ပြန်လာတော့ သဿတပဲ ပြန်ပြန်ကျနေတယ်။ ခိုင်တာ မြဲတာကို အားကိုးချင်စိတ်ပေါ်လာတာ။ ရုပ်အနိစ္စ အနတ္တတရားတွေ ရှုကြည့်လိုက်၊ အနတ္တဉာဏ်မြင်လိုက်၊ ဘာအားကိုးရမလဲ ပြန်ဝင်လာလိုက်။ ဒီတော့ သူ့စိတ်ထဲမှာ ဒိဋ္ဌိမပြုတ်ဘဲ ဖြစ်နေတယ်။ ဒိဋ္ဌိမပြုတ်တော့ အားသာထုတ်နေတယ်၊ နိဗ္ဗာန်မမြင်ဘူး။

ကိုယ်တော်တွေကလဲ ကြိုးစားပြီး တရားတွေဟောလိုက်ကြတာ စုံနေပြီ။ ဟောတဲ့အတိုင်း အားထုတ်ပေမယ့် အရှင်ဆန္န နိဗ္ဗာန်မရဘူး။ ဒီကိုယ်တော်တွေ နိဗ္ဗာန်ရောက်အောင် မဟောတတ်ပါဘူးဆိုပြီး စိတ်ပျက်နေတယ်။ တကယ်က ကိုယ်တော်တွေ အဟောညံ့လို့မဟုတ်ဘူး၊ သူ့မှာ သဿတဒိဋ္ဌိရှိနေလို့။ ဒါနဲ့ အရှင်အာနန္ဒာရှိရာ ကောသမ္ဗီ ဘ ပြည်သွားပြီး တရားဟောဖို့ တောင်းပန်တယ်။ သာဝတ္ထိပြည်က ကိုယ်တော်တွေက ရုပ်အနိစ္စ ရုပ်အနတ္တ ဝေဒနာ အနိစ္စ ဝေဒနာ အနတ္တ သင်္ခါရာ အနိစ္စာ၊ သဗ္ဗေ ဓမ္မာ အနတ္တာ လို့ ဟောလို့ ဟောတဲ့အတိုင်း ရှုကြည့်ပါတယ်။ အနိစ္စလဲမြင်တယ်၊ အနတ္တလဲမြင်တယ်၊ ဒါပေမယ့် တပည့်တော်မှာ အားလုံးအနတ္တဖြစ်ရင် ဘာကို အားကိုးရမှာလဲဆိုတဲ့ အတွေးက ပြန်ပြန်ဝင်လာတယ်။ ဒါကြောင့် တပည့်တော် နိဗ္ဗာန်မရဘူးလို့ အရှင်အာနန္ဒာကို လျှောက်တယ်။ အရှင်အာနန္ဒာက ဟိုကိုယ်တော်တွေဟောတာက အမှန်ပဲ။ သူက ပဋိစ္စသမုပ္ပါဒ်နားမလည်ဘဲ အားထုတ်တော့ ဒိဋ္ဌိခံနေလို့ နိဗ္ဗာန်မရတာလို့ အကဲခတ်လိုက်တယ်။

အရှင်အာနန္ဒာက ငါ့ရှင်ဆန္န ပဋိစ္စသမုပ္ပါဒ် နားမလည်ဘဲနဲ့ အားထုတ်နေရင်တော့ ကြာသာကြာမယ်၊ တရားမရဘူးတဲ့။ အားထုတ်လို့ အနိစ္စ အနတ္တတွေ မြင်ပင် မြင်ပေမယ့် နိဗ္ဗာန်တော့ မမြင်ဘူး။ ပဋိစ္စသမုပ္ပါဒ် နားမလည်ဘဲ ပစ္စယပရိဂ္ဂဟဉာဏ်မပါဘဲ အားထုတ်နေတဲ့အတွက် အတ္တဒိဋ္ဌိ သဿတဒိဋ္ဌိက ပြန်ပြန်ဝင်နေတယ်။ အကုန်အနတ္တဖြစ်နေရင် ဘာသွားအားကိုးရမှာလဲဆိုတဲ့ ဒိဋ္ဌိလေးက ပြန်ပြန်လှည့်နေတဲ့အတွက် နိဗ္ဗာန်မမြင်ဘဲဖြစ်နေတယ်။ ဒါကြောင့် ပထမမဂ် နိဗ္ဗာန်ရဲ့ အန္တရာယ်ဟာ ဒိဋ္ဌိလို့မှတ်လိုက်။ နိဗ္ဗာန်ရထိုက်ပါလျက် ဘာကြောင့် မရတာလဲဆိုရင် ကိုယ့်ဝမ်းထဲမှာ ဒိဋ္ဌိရှိနေလို့။ အားကိုးချင်တဲ့ ဒိဋ္ဌိရှိနေတာ။ ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်နားမလည်ဘဲ အားထုတ်ရင် အချိန်သာကုန်တယ်၊ လိုရင်းမရောက်ဘူး။ အခု အရှင်ဆန္န နှစ်ပေါင်း သုံးဆယ်လေးဆယ်လောက် အနိစ္စ အနတ္တတွေ မြင်ပါလျက် ဘာကြောင့် နိဗ္ဗာန်မရတာလဲဆိုရင် ဘာကိုအားကိုးရမလဲဆိုတဲ့ သဿတဒိဋ္ဌိခံနေလို့။ ဒီလိုနဲ့ အနတ္တအားထုတ်လိုက် ဒိဋ္ဌိကပြန်ဝင်လိုက်ဖြစ်နေတော့ နှစ်တွေသာကြာသွားတယ်၊ နိဗ္ဗာန် အာရုံမပြုနိုင်ဘူး။

ဒါကြောင့် အကြောင်းနှစ်ခုဖြစ်တဲ့ အဝိဇ္ဇာ သင်္ခါရသည် မခိုင် မမြဲ အစိုးမရတဲ့ အနတ္တတွေပဲလို့ မှတ်လိုက်။ ဒါဖြင့် သူတို့ကဖြစ်စေတဲ့ ခန္ဓာငါးပါးလဲ အနတ္တ။ ဒုက္ခသစ္စာ ဘယ်သူမှ မပိုင်တော့ အနတ္တဖြစ်သွားတာ။ ဒုက္ခရောက်တာသည် အနတ္တပဲ။ အကြောင်းက အနတ္တဖြစ်လို့ အကြောင်းကြောင့်ဖြစ်ပေါ်လာတဲ့ အကျိုးကလဲ အနတ္တဖြစ်ရတယ်။ အနတ္တက မွေးထုတ်လိုက်တော့ အနတ္တပဲ ဖြစ်ရမယ်။ ဒီလို အကြောင်း အကျိုးသိမ်းဆည်းပြီးတော့ ရှုလိုက်တော့ ဘယ်ဟာမှ အားကိုးစရာမရှိဘူးဆိုတာ ပေါ်လာတယ်။ ကိုယ်ပိုင် သိလာတယ်။ ဘာလို့သိတာလဲဆိုရင် ပဋိစ္စသမုပ္ပါဒ်နားလည်လို့။ အကြောင်းကိုက အနတ္တမို့ အကျိုးလဲ အနတ္တဖြစ်တယ်။ ပဋိစ္စသမုပ္ပါဒ်နားလည်ရင် အနတ္တဆိုတာ မပြောရဘဲနဲ့ ရှင်းနေတယ်။

အဝိဇ္ဇာပစ္စယာ သင်္ခါရာ- အဝိဇ္ဇာကလဲ အနတ္တ၊ သူ့ကြောင့်ဖြစ်တဲ့ သင်္ခါရကလဲ အနတ္တ၊ သင်္ခါရပစ္စယာ ဝိညာဏံ- သင်္ခါရကလဲ အနတ္တ၊ ဝိညာဏ်ကလဲ အနတ္တ၊ ဒီလို အကုန်အနတ္တတွေချည်းလှည့်သွားမှာပဲ။ အကုန်အနတ္တ၊ အားကိုးစရာ ဘာတစ်ခုမှ မရှိဘူး။ ခန္ဓာ နာမ်ရုပ်ဟူသမျှ အားကိုးစရာ မရှိဘူး။ မရှင်းသေးရင် အကြောင်း အနတ္တမို့ အကျိုးလဲ အနတ္တဖြစ်ရတယ်လို့ ဆုံးဖြတ်ချက်ချ။ ယခုရထားတဲ့ ခန္ဓာဟာ အနတ္တပဲ။ သူ့အကြောင်း အဝိဇ္ဇာ သင်္ခါရက အနတ္တမို့ ဒီခန္ဓာကိုယ်ကလဲ အနတ္တဖြစ်ရတယ်။

ဒေါက်တာအရှင်ပါရမီ

# အရှင်ဆန္ဒ အပိုင်း (၂)

Mar.10, 2011 in ဆောင်းပါးများ



အရှင်ဆန္န ပဋိစ္စသမုပ္ပါဒ်နားမလည်လို့ ဒိဋ္ဌိခံနေတယ်လို့ အရှင်အာနန္ဒာက အကဲခတ်လိုက်တယ်။ `ငါ့ရှင်ဆန္န ဘုရားက ကစ္စာယနမျိုးနွယ်ရဟန်းတစ်ပါးကို ပဋိစ္စသမုပ္ပါဒ်နှင့် ဒိဋ္ဌိပြုတ်ပုံ ဟောထားတဲ့ တရားရှိတယ်၊ အဲဒါ နာကြည့်စမ်း´ဆိုပြီး ပဋိစ္စသမုပ္ပါဒ်ဒေသနာကို ဟောပြတယ်။

သဿတဒိဋ္ဌိဆိုတာက ခိုင်တယ် မြဲတယ်၊ ငါလုပ်လို့ ငါရတယ်ဆိုတာ သဿတဒိဋ္ဌိပဲ။ ငါလုပ် သူရတယ်ဆိုရင် ဥစ္ဆေဒဒိဋ္ဌိပဲ။ တကယ်တမ်းမှာ အဝိဇ္ဇာ သင်္ခါရကြောင့် ဖြစ်တဲ့ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာပဲရှိတယ်။ အကြောင်းအကျိုးလဲဆက်၊ ပုဂ္ဂိုလ်သတ္တဝါလဲ မပါသောကြောင့် ငါလုပ်ငါရ မဟုတ်တော့ဘူး။ အကြောင်းကြောင့် အကျိုးဖြစ်တာပဲဆိုတာသိတော့ ဥစ္ဆေဒဒိဋ္ဌိစင်တယ်။ သင်္ခါရပစ္စယာ ဝိညာဏံထောက်လိုက်၊ အတိတ်ဘဝ သင်္ခါရနဲ့ ယခုဘဝ ဝိညာဏ် အကြောင်းအကျိုးဆက်တော့ မပြတ်လို့ ဥစ္ဆေဒဒိဋ္ဌိစင်တယ်။ ဟိုဘဝက ပုဂ္ဂိုလ် ဒီဘဝမလိုက်၊ အကြောင်း အကျိုးဆက်ရုံပဲဆိုတာ သိတော့ သဿတဒိဋ္ဌိ စင်တယ်။ အကြောင်းဖြစ်လို့ရှိရင် အကျိုးဖြစ်ရမှာပဲလို့သိသဖြင့် ဥစ္ဆေဒဒိဋ္ဌိစင်တယ်။ သင်္ခါရနဲ့ ဝိညာဏ်ဟာ မပြတ်ဘူး၊ ဆက်နေတယ်။ ဒါကိုသိလို့ ဥစ္ဆေဒဒိဋ္ဌိစင်တာ။ ပဋိသန္ဓေဘဝမှာ သင်္ခါရကိုယ်တိုင်ကလိုက်လာတာမဟုတ်ပါဘူး။ မလိုက်လို့ ဒီဘဝမှာ ဝိညာဏ်က စ ရတယ်။ ဝိညာဏ်က စ တယ်ဆိုတာထောက်လိုက်ရင် ခိုင်တယ်မြဲတယ်ယူတဲ့ သဿတဒိဋ္ဌိစင်တယ်။ သင်္ခါရနယ်က ချုပ်လိုက်တာပဲ။ ချုပ်ပြီးတော့ သင်္ခါရအကြောင်းမကင်းလို့ ဝိညာဏ်ပေါ်တာ။ ဒီလိုဆိုတော့ ခိုင်မြဲတဲ့သဘော မတွေ့ရပါဘူး။ ဒီလို သဿတ ဥစ္ဆေဒလွတ်လို့ရှိရင် အလယ်လမ်းရောက်ပြီ။

အရှင်ဆန္န မဂ်ဉာဏ် ဖိုလ်ဉာဏ်မရ နိဗ္ဗာန်မရောက်တာသည် သဿတဒိဋ္ဌိခံနေလို့။ ပဋိစ္စသမုပ္ပါဒ်နားမလည်တော့ သဿတဒိဋ္ဌိကလဲ မစင်၊ ဥစ္ဆေဒဒိဋ္ဌိကလဲ မစင်။ ဒါကြောင့် နိဗ္ဗာန်မရတာ။ အကြောင်း အကျိုးဆက်တာသိရင် ဥစ္ဆေဒက လွတ်၊ အကြောင်းသည် အထည်အဖြစ်နဲ့ မလိုက် သတ္တိသာလိုက်တယ်လို့သိတော့ သဿတဒိဋ္ဌိကလွတ်တယ်။ ဒီလိုယူလိုက်တော့ ခန္ဓာထဲမှာ ဝေဒနာလေးဖြစ်လာတယ်၊ ပြီးတော့ချုပ်သွားတယ်။ ချုပ်ပြီး တစ်ခါ ဝေဒနာလေးက ပြန်ဖြစ်ပြန်တယ်။ ဖြစ်တာကိုမြင်သဖြင့် အကြောင်းကြောင့်ဖြစ်တယ်ဆိုတာ သေချာတယ်။ အကြောင်းကင်းပြီး မဖြစ်ဘူး။ ဒီမှာ ဥစ္ဆေဒစင်တယ်။ ပျက်တာမြင်သဖြင့် ခိုင်မြဲတာမရှိဘူးဆိုတာ သိလိုက်ရလို့ သဿတစင်တယ်။ ဒါဖြင့် အဖြစ်မြင်တော့ ဥစ္ဆေဒစင်၊ အပျက်မြင်တော့ သဿတစင်။ အဖြစ်ကိုမြင်လို့ ဥစ္ဆေဒစင်တယ်ဆိုတာ အကြောင်းကြောင့်ဖြစ်တာ အကြောင်းမဲ့ ဖြစ်တာမဟုတ်ဘူးလို့ သိလို့စင်တာ။ ပျက်သွားတာမြင်တော့ သဿတစင်တယ်ဆိုတာ ပျက်တာ မခိုင်မမြဲလို့ပျက်တာပဲလို့ သိလို့စင်တာ။ အဖြစ်မြင် ဥစ္ဆေဒစင်၊ အပျက်မြင် သဿတစင်၊ ဖြစ်ပျက်ဟာ ဒိဋ္ဌိနှစ်ပါးစင်တယ်။

အရှင်အာနန္ဒာက စက်ဝိုင်းကြီးကို ဒီအတိုင်းဖြစ်နေတာပဲလို့ ရှင်းပြတယ်။ ဒီတော့ အရှင်ဆန္နက ဒီလိုဆိုရင် အကြောင်းဖြစ်ရင် အကျိုးဖြစ်တာပဲ၊ အကြောင်းချုပ်ရင် အကျိုးချုပ်တာပဲ၊ လောကမှာ ဒါပဲရှိတယ်လို့ ဆုံးဖြတ်ချက်ချလိုက်တယ်။ ဒီအမြင်လေးနဲ့ ခန္ဓာမှာ ဖြစ်မှု ပျက်မှုလေးတွေ နှလုံးသွင်းလိုက်တော့ ဒိဋ္ဌိစင်သွားတယ်။ ဖြစ်တာနဲ့ ပျက်တာပဲရှိတယ်လို့ ဉာဏ်နဲ့

ဆုံးဖြတ်ချက်ချလိုက်တယ်။ ဒီမှာ ဉာဏ်ရင့်ပြီး ယထာဘူတဉာဏ်တက်လာတယ်။ ဒီကတစ်ဆင့် နိဗ္ဗိန္ဒဉာဏ်၊ တစ်ခါထပ်ဆင့်ပြီး တက်သွားတော့ နောက်ဆုံး ဒုက္ခဆုံးတဲ့ မဂ်ဉာဏ်ရောက်သွားတယ်။ ဒီမှာ သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာဖြစ်သွားတာပဲ။ ဘာလို့ဖြစ်တာလဲဆိုရင် ပဋိစ္စသမုပ္ပါဒ်နားလည်လို့။ နားလည်တော့ သဿတနဲ့ ဥစ္ဆေဒစင်ပြီး အားထုတ်လို့ဖြစ်တာ။

ပဋိစ္စသမုပ္ပါဒ် နားလည်ပြီး အဖြစ်မြင်မယ်ဆိုရင် တဒင်္ဂအားဖြင့် ဥစ္ဆေဒဒိဋ္ဌိစင်တယ်၊ အပျက်မြင်တော့ တဒင်္ဂ သဿတဒိဋ္ဌိစင်တယ်။ ဒီလိုစင်ပြီးတော့မှ ခန္ဓာမှာ ဉာဏ်စိုက်ပြီး ဖြစ်ပြန်ပြီ ပျက်ပြန်ပြီ လို့ရှုနေလိုက်ရုံပဲ။ ဖြစ်ပျက်မြင်လာလို့ ဉာဏ်စဉ်တက်ရင် ဖြစ်ပျက်မုန်းရမယ်။ ဉာဏ်ရင့်လာတော့ ဖြစ်ပျက်တွေ ဆုံးသွားမယ်။ ဆုံးသည်နဲ့တစ်ပြိုင်နက် ဒုက္ခနိရောဓ နိဗ္ဗာန် ဆိုတာ ပေါ်လာတယ်။ အရှင်ဆန္န နှစ်ပေါင်း သုံးဆယ်ကျော် တရားအားထုတ်ပါလျက် တရားမရဘဲဖြစ်နေတာ ဘာကြောင့်လဲဆိုတော့ ပဋိစ္စသမုပ္ပါဒ်နားမလည်လို့ ဒိဋ္ဌိကပ်၊ ဒိဋ္ဌိကပ်လို့ မရတာ။ ဒါကြောင့် ပဋိစ္စသမုပ္ပါဒ် နားလည်မှုဟာ အလွန်အရေးကြီးပါတယ်။ အလွန်အရေးကြီးသောကြောင့် ဖြစ်ပျက်ရှုမှုနဲ့ ပဋိစ္စသမုပ္ပါဒ်နားလည်မှုနှစ်မျိုးမှာ ပဋိစ္စသမုပ္ပါဒ်နားလည်မှုကို အရင်အားထုတ်ရမယ်လို့ မိုးကုတ်ဆရာတော်ဘုရားကြီးက လေးလေးနက်နက် မိန့်တော်မူခြင်းဖြစ်ပါတယ်။

ဒေါက်တာအရှင်ပါရမီ